# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

July 2, 2020 Volume 33, Number 2

၂.၇.၂၀၂၀

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၆၅ -US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၆၅၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၆၇/- ကျပ် |
| CBM Rate | = ၁၃၆၅.၂ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၄၂.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၈၀.၇၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၀၉.၉ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၇၁.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၄၆.၄၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၃.၂၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၂၆၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၃.၉၁ ကျပ် |
| မလေးရှားရင်းဂစ် | =၃၁၈.၅၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၉၃၉ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ကမ္ဘာ့ရွှေဈေး ၁၀ နှစ်အတွင်း စံချိန်တင်မြင့်တက်

ကမ္ဘာ့ရွှေဈေးမှာ ၂၀၀၉ ခုနှစ်မှစ၍ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၀၀၀ ကျော်ရှိလာခဲ့ရာမှ ဆယ်နှစ်အတွင်း တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၇၀ ကျော်အထိ စံချိန်တင်မြင့်တက်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်ကပြောသည်။ လက်ရှိကမ္ဘာ့ရွှေဈေး စံချိန်တင်မြင့်တက်မှုကြောင့် ပြည်တွင်းရွှေဈေးမှာ အခေါက်ရွှေ တစ်ကျပ်သားလျှင် ငွေကျပ် ၁၃ သိန်းကျော်အထိ လိုက်ပါမြင့်တက်ရမည်ဖြစ်သော်လည်း ပြည်တွင်းရွှေဈေးကွက်အတွင်း အခေါက်ရွှေ တစ်ကျပ်သားလျှင် ငွေကျပ် ၁၂၁၇၀၀၀ သာရှိကြောင်း ၎င်းကဆက်ပြောသည်။

ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် စက်တင်ဘာလဆန်းပိုင်းတွင်မူ ပြည်တွင်းရွှေဈေးကွက်အတွင်း အခေါက်ရွှေတစ်ကျပ်သားလျှင် ငွေကျပ် ၁၃၀၀၀၀၀ ကျော်အထိ သမိုင်းတစ်လျှောက် အမြင့်ဆုံးစံချိန်ဖြစ်ခဲ့ချိန်တွင်မူ ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၅၅၀ ကျော်အထိသာရှိခဲ့သည်။ "ကမ္ဘာ့ရွှေဈေးနဲ့တွက်ရင် ပြည်တွင်းရွှေဈေးက ငွေကျပ် ၁၃ သိန်းကျော်ရမယ်၊ ကျွန်တော်တို့ရွှေကို အားလုံးက လက်ဝတ်တန်ဆာအနေနဲ့ထားတယ်။ မရှိတဲ့အချိန်ကျတော့လည်း အရင်းအနှီးအနေနဲ့ ပြန်ရောင်းတာပေ့ါ။ ကျွန်တော်တို့ ဒီရွှေက တစ်ပြည်လုံးအကုန်လုံးပြန့်နေတဲ့ဟာက အခုပြန်ရောင်းတဲ့အခါကျတော့ ကျွန်တော်တို့က ကမ္ဘာ့ပေါက်ဈေးမရဘူး။ ကျွန်တော်တို့ ဝယ်ထားတဲ့အချိန်တုန်းက အားလုံးက ငွေကျပ် ၁၂ သိန်း၊ ငွေကျပ် ၁၃ သိန်း၊ အဲဒီလို ကမ္ဘာ့ပေါက်ဈေးနဲ့ဝယ်ထားပြီးတော့ အခုပြန်ရောင်းတဲ့အခါကျ ကမ္ဘာ့ပေါက်ဈေး မရဘူးဖြစ်နေတယ်။ စားသုံးသူတော့ နစ်နာတာပေ့ါ" ဟု ၎င်းက ထပ်မံပြောကြားသည်။

ထိုသို့ ကမ္ဘာ့ရွှေဈေးမြင့်တက်နေသော်လည်း ပြည်တွင်းရွှေဈေး လိုက်ပါမမြင့်တက်နိုင်ခြင်းမှာ ပြည်ပအဝယ်ရပ်နေသည့်အပြင် အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်းသည်လည်း ကျဆင်းနေသောကြောင့်ဖြစ်ကြောင်း ဦးမျိုးမြင့်က ပြောသည်။ လက်ရှိကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၇၂ ဒေါ်လာရှိပြီး အမေရိကန်ဒေါ်လာနှင့်မြန်မာကျပ်ငွေလဲလှယ်နှုန်းမှာလည်း ငွေကျပ် ၁၃၈၇ သာရှိကြောင်း ငွေကြေးဈေးကွက်အတွင်းမှသိရသည်။ ထို့ပြင်ပြည်တွင်းရွှေဈေးကွက်အတွင်း အရောင်းအဝယ်မှာလည်း အဝယ်ထက်အရောင်းများနေကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းထံမှသိရသည်။ "အခုလောလော ဆယ်အရောင်းများတယ်။ အားလုံးကငွေလိုနေတဲ့အချိန်ဖြစ်တယ်။ လုပ်ငန်းတွေက အသစ်အကုန်လုံးပြန်စတဲ့အခါကျတော့ လာပြန်ရောင်းတာတွေများတယ်။ တချို့ဆိုင်တွေဆိုရင် တစ်နေ့ကိုခြောက်ပိဿာလောက်ထိ လာပြန်ရောင်းတာတွေရှိတယ်" ဟု ဦးမျိုးမြင့်ကဆက်ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ရွှေဆိုင်တစ်သောင်းကျော်ရှိပြီး ယခင်က တစ်နေ့လျှင် ရွှေပိဿာချိန် ၅၀ ခန့် အရောင်းအဝယ်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းထံမှသိရသည်။ ပြီးခဲ့သည့်လေးလက ရွှေဈေးကို ပြန်ကြည့်မည်ဆိုလျှင် ဖေဖော်ဝါရီတွင် ပြည်တွင်းရွှေဈေးမှာ အနိမ့်ဆုံးဈေးနှုန်းငွေကျပ် ၁၂၁၄၁၀၀ (ဖေဖော်ဝါရီ ၅ ရက်) နှင့် အမြင့်ဆုံးဈေးနှုန်းငွေကျပ် ၁၂၃၄၂၀၀ (ဖေဖော်ဝါရီ ၂၈ ရက်)၊ မတ်တွင် ပြည်တွင်းရွှေဈေးမှာ အနိမ့်ဆုံးဈေးနှုန်းငွေကျပ် ၁၁၄၈၀၀၀ (မတ် ၃၁ ရက်) နှင့် အမြင့်ဆုံးဈေးနှုန်းငွေကျပ် ၁၂၁၈၆၀၀ (မတ် ၄ ရက်)၊ ဧပြီတွင်မူ ကိုဗစ် -၁၉ ကြောင့် ပြည်တွင်း ရွှေဈေးကွက်ပိတ်ထားပြီး မေ ၁၈ ရက်တွင် ရွှေဈေးကွက်ပြန်ဖွင့်ကာ ပြည်တွင်းရွှေဈေးမှာ အနိမ့်ဆုံးဈေးနှုန်းငွေကျပ် ၁၂၁၄၁၀၀ (မေ ၂၇ ရက်)နှင့် အမြင့်ဆုံးဈေးနှုန်းငွေကျပ် ၁၂၃၆၀၀၀ (မေ ၁၈ ရက်)တို့ ဖြစ်ကြောင်း ရွှေရောင်းဝယ်သူများထံမှသိရသည်။

ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် နှစ်စမှစ၍ ပြည်တွင်းရွှေဈေးမှာမူ ကမ္ဘာ့ရွှေဈေးမြင့်တက်မှုနှင့်အတူ စံချိန်တင်အဖြစ် တစ်ဆင့်ပြီးတစ်ဆင့်မြင့်တက်ခဲ့ရာ၊ ၂၀၁၉ ခုနှစ် နှစ်စ ဇန်နဝါရီ ၁၇ ရက်မှဖေဖော်ဝါရီ ၂၁ ရက်အတွင်း ငွေကျပ် ၁၀၀၀၀၀၀ ကျော်၊ ဇွန် ၂၂ ရက်မှ ဩဂုတ် ၅ ရက်အတွင်း ၁၁၀၀၀၀၀ ကျော်၊ ဩဂုတ် ၇ ရက်မှ စက်တင်ဘာ ၄ ရက်အတွင်း ၁၂၀၀၀၀၀ ကျော်အထိ စံချိန်သစ်များအသီးသီးဖြစ်ပေါ်ခဲ့ပြီး၊ စက်တင်ဘာ ၅ ရက်တွင်မူ ယခင်ချိုးထားသည့် စံချိန်များထက်ကျော်လွန်၍ ငွေကျပ် ၁၃၀၀၀၀၀ ကျော်အထိဖြစ်ပေါ်ခဲ့သဖြင့် သမိုင်းတစ်လျှောက်အမြင့်ဆုံးစံချိန်ဖြစ်ခဲ့သည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/

## လယ်ယာလုပ်ငန်းခွင်အတွက် ကျွဲ၊ နွားငါးကောင်အထိ နယ်ကျော်၍သယ်ယူခွင့်ရရှိ




လယ်ယာ လုပ်ငန်းခွင်အတွက် အသုံးပြုရန် ကျွဲ၊ နွားငါးကောင်အထိ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးများကို နယ်ကျော်သယ်ယူခွင့်ရရှိပြီဖြစ်ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မကွေးတိုင်းဒေသကြီး ဦးစီးမှူး ဒေါက်တာမောင်မောင်စိုးဦးက ပြောသည်။ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ ယခင်က ကျွဲ၊ နွားများကို နှစ်ကောင်ထက်ကျော်၍ မြို့နယ်တစ်ခုမှတစ်ခု၊ ပြည်နယ်တစ်ခုမှတစ်ခုသို့ နယ်ကျော် သယ်ဆောင်ခွင့်မရှိဘဲ သယ်ဆောင်လျှင် ဖမ်းဆီးအရေးယူခံရမည်ဖြစ်သည်။ ယခုတွင် အဆိုပါဥပဒေကို ပြင်ဆင်လိုက်သဖြင့် လယ်ယာလုပ်ငန်းခွင် လုပ်ကိုင်နိုင်ရန် ကျွဲ၊ နွားငါးကောင်အထိနယ်ကျော်၍ သယ်ယူပို့ဆောင် နိုင်မည်ဖြစ်ကြောင်း ဒေါက်တာ မောင်မောင်စိုးဦးကပြောသည်။

အဆိုပါ ကျွဲ၊ နွားငါးကောင်အထိနယ်ကျော်၍ သယ်ယူခွင့်သည် လယ်ယာလုပ်ငန်းအတွက် တောင်သူများကို သီးသန့်ခွင့်ပြုပေးခြင်းဖြစ်သည်။ “လယ်ယာလုပ်ငန်းအတွက် နယ်ကျော်သယ်ဆောင်တဲ့အခါမှာ မြို့နယ်မှာဆိုရင် မြို့နယ်ဦးစီးမှူးက ခွင့်ပြုလို့ရတယ်။ ခရိုင်ဆိုရင် ခရိုင်ဦးစီးမှူးကခွင့်ပြုလို့ရတယ်။ တိုင်းကျော်သယ်ဆောင်မယ်ဆိုရင် တိုင်းဦးစီးမှူးက ခွင့်ပြုလို့ရမယ်။ ကျွဲ၊ နွားတွေ တိုင်းကျော်သယ်ဆောင်တာကိုတော့ နေပြည်တော်ရုံးချုပ်ကိုတင်ပြပြီး တိုင်းကျော်သယ်ဆောင်ခွင့်ရမှာဖြစ်တော့ မကွေးတိုင်း ကနေ ရန်ကုန်တိုင်း၊ မန္တလေးတိုင်းအထိ သယ်ယူခွင့်ရမှာဖြစ်တယ်”ဟု ၎င်းကပြောသည်။

မကြီးကန်ကျေးရွာမှ တောင်သူတစ်ဦးက “အခုလက်ရှိက ကိုဗစ်ကာလလည်းဖြစ်နေတော့ တောင်သူက နွားရောင်းချင်တာ။ လက်ရှိမှာက နွားစာလည်းရှားနေတယ်။ အခုက ဈေးကွက်ကပျက်နေတော့ နွားရောင်းချင်ပေမယ့် ဝယ်သူကမရှိ ဖြစ်နေတယ်။ နွားဈေးကွက်တော့ ပွင့်စေချင်ပါတယ်”ဟုပြောသည်။ အခြားတိုင်းဒေသကြီးက သားသတ်လုပ်ငန်းလိုင်စင် (စီ) ရသူများက တိုင်းကျော်၍ဝယ်ယူပါက သက်ဆိုင်ရာမြို့နယ်ဦးစီးမှူး၏ထောက်ခံချက်၊ စည်ပင်သာယာရေးအဖွဲ့၏ သတ်မှတ်လေလံအောင်မြင်ချက်နှင့် အသားအတွက်လိုအပ်သည့် အကောင်ရေစာရင်းပေး၍ ဝယ်ယူမည့်မြို့နယ်၊ နွားပွဲဈေးစသော အချက်အလက်များဖြင့် တိုင်းဒေသကြီးဖွံ့ဖြိုးရေးရန်ပုံငွေ ပေးဆောင်ရမည်ဖြစ်သည်။ မလိုအပ်သည့် ကျွဲ၊ နွားမှောင်ခို သယ်ဆောင်မှုများမရှိစေရေးအတွက် ပြည်တွင်းသယ်ဆောင်ခြင်းကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကုန်ထုတ်လုပ်နည်းဥပဒေကို ပြင်ဆင်ရေးဆွဲထားကြောင်းသိရသည်။

**Source:** မြန်မာတောင်သူကြီးများ ဂျာနယ်

http://htwettoe.com/article-details/news/9588570

## တရားမဝင် ကုန်သွယ်မှုများကို လျစ်လျူရှုထားမည်ဆိုပါက ဆက်လက်တားဆီး၍ ရနိုင်မည့်အနေအထား မရှိနိုင်တော့ဟု မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန် ညွှန်ကြားရေးမှူးပြောကြား



မြန်မာနိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းများတွင် တရားမဝင်ကုန်သွယ်မှုများကို လျစ်လျူရှုထားမည်ဆိုပါက မြန်မာနိုင်ငံမှ တရားဝင်ကုန်စည်အဖြစ် သတ်မှတ်ထားသော ကုန်စည်များပါ တရားဝင် ကုန်သွယ်မှုကနေ ပျောက်ကွယ်သွားနိုင်ကြောင်း မူဆယ် ၁၀၅ မိုင် ကုန်သွယ်မှုဇုန်ညွှန်ကြားရေးမှူး ဦးတင်ရဲဝင်းက သတိပေးပြောကြား သည်။

တရားမဝင်ကုန်သွယ်မှုကိုတားဆီးရန် ဥပဒေများထုတ်ပြန်ထား သော်လည်း မြေပြင်တွင် တရားမဝင်ကုန်သွယ်မှုများကို တားဆီး ကာကွယ်တိုက်ဖျက်ရာ၌ သက်ဆိုင်ရာဌာနများက ပံ့ပိုးကူညီမှုများ အားနည်းနေခြင်းကြောင့် တရားမဝင်ကုန်သွယ်မှုများရှိနေခြင်းဖြစ်ကြောင်း မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်မှ သိရသည်။ "ကျွန်တော်တို့ နိုင်ငံအတွင်းမှာ တရားမဝင်ကုန်သွယ်မှုတွေများနေပါတယ်။ ဝင်လာတဲ့သွင်းကုန်ပစ္စည်းတွေမှာ တရားမဝင်ကုန်သွယ်မှုတွေရှိသလို ထွက်သွားတဲ့ပို့ကုန်ပစ္စည်းတချို့မှာလည်း တရားမဝင်ကုန်သွယ်မှုတွေရှိပါတယ်။ ဥပဒေတွေ ရှိပါတယ်။ သတ်မှတ်ချက်တွေလုပ်ထားသော်လည်း မြေပြင်မှာလက်တွေ့ဆောင်ရွက်တဲ့နေရာမှာ ပံ့ပိုးမှုတွေမရှိဘူး။ တကယ့် အဓိကကျတဲ့ လုပ်ငန်းစဉ်တွေကို မလုပ်နိုင်ဘူးဆိုရင်တော့ ဒီတရားမဝင်ကုန်သွယ်မှုက ဆက်တားလို့ရမယ့် အနေအထားတွေ မရှိပါဘူး။ ဌာနတစ်ခုတည်းနဲ့ လုပ်လို့မရပါဘူး။ သက်ဆိုင်ရာဌာနတွေ အုပ်ချုပ်ရေးအဖွဲ့တွေအားလုံးပူးပေါင်းပြီး တက်ညီ လက်ညီနဲ့လုပ်မှရမယ့် လုပ်ငန်းစဉ်တစ်ရပ်အနေနဲ့ဖြစ်ပါတယ်" ဟု မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တာဝန်ခံ ညွှန်ကြား ရေးမှူး ဦးတင်ရဲဝင်းကပြောကြားသည်။ ၎င်းကဆက်လက်ပြောကြားရာ "တစ်ဘက်ကလည်း ကျွန်တော်တို့ ပိတ်ပင် ထားတဲ့ သစ်တို့ကျောက်စိမ်းတို့ဆိုတာတွေက ကျွန်တော်တို့က ပိတ်တာပိတ်ပေမဲ့ တရုတ်နိုင်ငံထဲကို နည်းလမ်းပေါင်းစုံနဲ့ဝင်နေ တယ်။ ဒါတွေကို တရုတ်နိုင်ငံက တရားဝင်ကုန်သွယ်မှုပုံစံမျိုးနဲ့ လက်ခံထားတဲ့အခါကျတော့ ဒီလိုကွာဟချက်လေးတွေရှိတယ်။ ဆိုလိုချင်တာကတော့ ကျွန်တော်တို့သည် သစ်တွေကိုပေးမသွားဘူး။ မီးသွေးတွေပေးမသွားဘူး။ ကျောက်စိမ်းတွေပေးမသွား ဘူး။ ဒါပေမဲ့ အဲဒါတွေအားလုံးက တရုတ်နိုင်ငံရဲ့ အဓိကတရားဝင်နီးပါးသွားနေတဲ့ ကုန်ပစ္စည်းတွေဖြစ်နေတဲ့အပြင် လက်ရှိ ဆိုရင်လည်း ကျွဲနွားတိရစ္ဆာန်တွေနဲ့ပတ်သက်ပြီး တရားဝင်ကုန်သွယ်မှုအနေအထားကနေ ပျောက်သွားတဲ့အနေအထားတွေ့နေ ရတယ်" ဟု ဦးတင်ရဲဝင်းကဆိုသည်။

တရုတ်နိုင်ငံသည် COVID-19 ရောဂါဖြစ်ပွားနေစဉ် ရောဂါကြိုတင်ကာကွယ်လုပ်ငန်းစဉ်များနှင့် ကုန်သွယ်မှုကို တပြိုင်နက် ထိန်းကြောင်းမှုများပြုလုပ်လျက်ရှိသော်လည်း ၎င်းတို့နိုင်ငံ၏ တရားဝင်ထုတ်ပြန်သော ကိန်းဂဏန်းများအရ ရွှေလီနယ်စပ် ကုန်သွယ်မှုပမာဏမှာ ကွာဟချက်သိပ်မရှိခဲ့သော်လည်း မြန်မာနိုင်ငံ မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးတွင် ကုန်သွယ်မှု သုံးပုံတစ်ပုံကျဆင်းခဲ့ရာ နှစ်နိုင်ငံထုတ်ပြန်သော ကုန်သွယ်မှုပမာဏ ကွာခြားချက်များသည် မြန်မာနိုင်ငံဒေသတွင်း တရားဥပဒေ စိုးမိုးမှုအားနည်းချက်များကြောင့် အမှန်ကုန်သွယ်မှုစာရင်းမရရှိဘဲ တရားမဝင်ကုန်သွယ်မှု များပြားလာခြင်းဖြစ်ကြောင်းသိရ သည်။ "တရားမဝင် ကုန်သွယ်မှုတွေကို ဘယ်လောက်ကြာမလဲ။ ဘယ်လောက်အထိ သည်းခံနိုင်မလဲ။ တရားမဝင် ကုန်သွယ်မှု တွေကို ဘယ်လောက်အထိတောင် လျစ်လျူရှုထားဦးမလဲ၊ ဌာနဆိုင်ရာပေါင်းစုံက တက်ညီလက်ညီနဲ့ ဖိဖိစီးစီး ဦးစားပေး သတ်မှတ်ချက်တစ်ခုအနေနဲ့သတ်မှတ်ပြီး ကိုင်တွယ်ဆောင်ရွက်နိုင်မှသာလျှင် ကျွန်တော်တို့နိုင်ငံတိုးတက်သလို တစ်ဘက်မှာ လည်း တရားမဝင်ကုန်သွယ်မှုတွေကို တားဆီးနိုင်မယ့်အနေအထားဖြစ်ပါတယ်။ ရေရှည်မှာ တရုတ်နိုင်ငံနဲ့နယ်စပ် ကုန်သွယ်မှု တွေသည် လက်ရှိပုံစံနဲ့သာ ဒီပုံစံအတိုင်းသာ ဆက်သွားနေရမယ်ဆိုရင်တော့ဖြင့် တခြားသောနည်းလမ်းတို့ဖြင့် အစားထိုးပြီး

ကုန်သွယ်မှုကိုစဉ်းစားရမယ့် အနေအထားမျိုးဖြစ်လာရပါလိမ့်မယ်။ တရုတ်နိုင်ငံဘက်ကထုတ်ပြန်တဲ့ ကုန်သွယ်မှုစာရင်းတွေ ကျွန်တော်တို့နိုင်ငံဘက်က ထုတ်ပြန်တဲ့ကုန်သွယ်မှုစာရင်းတွေမှာလည်း အပြန်အလှန်ကွာဟမှုလေးတွေ ကျွန်တော်တို့က တွေ့နေရတယ်။ ဘာဖြစ်လို့လည်းဆိုတော့ တရုတ်နိုင်ငံမှာကျတော့ သူ့နိုင်ငံမှာကုန်ဝင်လာတဲ့ ကုန်ပစ္စည်းအကုန်လုံးကို အတိအကျနီးပါးစာရင်းဇယားကောက်ခံနိုင်တဲ့ အနေအထားရှိပါတယ်။ ပို့လိုက်တဲ့ပို့ကုန်အားလုံးကိုလည်း အတိအကျနီးပါး စာရင်းကောက်ခံနိုင်တဲ့ အနေအထား ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် တရုတ်နိုင်ငံရဲ့ တရားဥပဒေစိုးမိုးမှုက နေရာတိုင်းမှာ အပြည့်အဝရှိပါတယ်။ ဒါကြောင့် ကုန်သွယ်မှုစာရင်းကိန်းဂဏန်းအားလုံးတွေမှာ အတိအကျနီးပါးလောက်ရှိပါတယ်။ တစ်ဘက်မှာကျတော့ ကျွန်တော်တို့နိုင်ငံမှာ တရားဥပဒေစိုးမိုးမှု အတိအကျမရှိဘူး။ တရားမဝင်ကုန်သွယ်မှုလမ်းပေါက်တွေ အများကြီးဖြစ်နေတယ်။ ကျွန်တော်တို့ တရားဝင်လမ်းကြောင်းတွေကရတဲ့ ကိန်းဂဏန်းတွေကိုပဲ ကျွန်တော်တို့ ထုတ်ပြန်နိုင်တဲ့ အနေအထားဖြစ်တယ်။ ဒါက တရုတ်နိုင်ငံနဲ့ ကျွန်တော်တို့ နိုင်ငံကြားမှာ တရားဥပဒေစိုးမိုးမှု အနေအထား ကွာခြားသွားတာနဲ့ အမျှ တရားဝင်ကုန်သွယ်မှုနဲ့ တရားမဝင်ကုန်သွယ်မှု ပြန်လည်ထိန်းကျောင်းတဲ့ သူတွေမှာလည်း အပြန်အလှန် ကွာဟချက်တွေ ရှိနေပါတယ်" ဟု ဦးတင်ရဲဝင်းကဆိုသည်။

အဆိုပါ မူဆယ်-မန္တလေး ကုန်သွယ်မှုလမ်းကြောင်းပေါ်၌ တရားမဝင်ကုန်သွယ်သည် မြန်မာနိုင်ငံအတွက် အကြီးမားဆုံး စိန်ခေါ်မှုတစ်ရပ်အနေဖြင့်ရှိပြီး နယ်မြေလုံခြုံရေးနှင့် ကုန်သွယ်မှုလမ်းကြောင်း လုံခြုံရေးသည်အဓိကဖြစ်ပြီး သက်ဆိုင်ကာ အစုအဖွဲ့၊ အဖွဲ့အစည်းများက နားလည်မှုရှိရှိ ပူးပေါင်းပါဝင်ရန် လိုအပ်လျက်ရှိကြောင်းသိရသည်။

မြန်မာနိုင်တစ်ဝန်းတွင် တရားမဝင်ကုန်သွယ်မှုကြောင့် ကုန်သွယ်မှုလုပ်ငန်းများ ထိခိုက်နစ်နာလျက်ရှိကာ နိုင်ငံတော် ဘဏ္ဍာ ကုန်သွယ်လုပ်ငန်းခွန် များစွာဆုံးရှုံးနေရသည့်အပြင် မြန်မာနိုင်ငံအတွက် ဘေးအန္တရာယ်ဖြစ်စေသော ကုန်စည်များ လည်း ပြည်တွင်းဈေးကွက်တွင်ပျံ့နှံ့လျက်ရှိပြီး ပြည်တွင်းအသေးစား၊ အလတ်စားလုပ်ငန်းများ ထိခိုက်နစ်နာဆုံးရှုံးမှုများ တွေ့ကြုံနေရပြီး ငွေကြေးခဝါချမှု၊ အဂတိလိုက်စားမှုနှင့်နယ်စပ်ဖြတ်ကျော်မှုခင်းများအထိ ဖြစ်ပေါ်လျက်ရှိခြင်းတို့ကြောင့် တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများကို စနစ်တကျဖိဖိစီးစီးတိုက်ဖျက်ရန်လိုအပ်နေသကဲ့သို့ နှစ်နိုင်ငံကုန်သွယ်မှုအပိုင်းတွင် ကုန်သွယ်ရေးအမြင်၊ စီးပွားရေးအမြင်များပေါင်းစပ်ကာ ကုန်သွယ်ဖက်နိုင်ငံများ၏ အမှုအကျင့်များကို တုံ့ပြန်နိုင်ရန်လည်း လိုအပ်နေသေးကြောင်း ကုန်သည်များကဆိုသည်။

မြန်မာနိုင်ငံ၌ တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် တရားမဝင်ကုန်ပစ္စည်းများ တားဆီးထိန်းချုပ်ရေးအထူးအဖွဲ့မှ တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးအရေးယူခဲ့ရာ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၈ ရက်အထိ အစိုးရထုတ်ပြန်ချက်တွင် ၁၀၆၅ ကြိမ်ရှိပြီး ဖမ်းဆီးရရှိမှုခန့်မှန်းတန်ဖိုးမှာ ကျပ် ၁၅ ဒသမ ၆၄၈၂ ဘီလျံခန့်ရှိကြောင်းသိရသည်။

**Source:** https://news-eleven.com/article/180854

## စစ်တွေမြို့တွင် COVID -19 ပိုးတွေ့လူနာတွေ့ရှိပြီးနောက် စစ်တွေနယ်စပ်ကုန်သွယ်ရေးဖြင့် ပို့ကုန်တင်ပို့ခြင်း ယာယီရပ်နားထားသော်လည်း မောင်တောနယ်စပ်ကုန်သွယ်ရေးဖြင့် ဘင်္ဂလားဒေ့ရှ်သို့ ပုံမှန်ကုန်သွယ်လျက်ရှိ



စစ်တွေတွင် COVID -19 ပိုးတွေ့လူနာ တွေ့ရှိပြီးနောက် စစ်တွေနယ်စပ်ကုန်သွယ်ရေးဖြင့် ပို့ကုန်တင်ပို့ခြင်းကို ယာယီရပ်နားထားသော်လည်း မောင်တောနယ်စပ်ကုန်သွယ်ရေးဖြင့် ဘင်္ဂလားဒေ့ရှ်သို့ ပုံမှန်ကုန်သွယ်လျက် ရှိကြောင်းသိရသည်။ စစ်တွေတွင် COVID -19 ပိုးတွေ့လူနာအမှတ်-၂၉၂ မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ နယ်စပ်ကုန်စည်ပို့ဆောင်သည့်သင်္ဘောဖြင့် လိုက်ပါ လာခြင်းဖြစ်၍ နယ်စပ်ကုန်သွယ်ရေးဖြင့် ကုန်သွယ်မှုကို ယာယီရပ်နားထား လိုက်ရခြင်းဖြစ်ကြောင်း ရခိုင်ပြည်နယ် ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းမှသိရသည်။

လက်ရှိတွင် စစ်တွေနယ်စပ်ကုန်သွယ်ရေးဖြင့် ဘင်္ဂလားဒေ့ရှ်သို့ ကုန်တင်ပို့မှုယာယီရပ်နားထားသည့်အတွက် တင်ပို့ရန် ပြင်ဆင်ထားသည့်ပို့ကုန်များကို မောင်တောနယ်စပ်ကုန်သွယ်ရေးဖြင့် တင်ပို့မှုများရှိကြောင်း ကုန်သည်များကပြောကြား သည်။

COVID -19 ဖြစ်ပွားနေသည့်ကာလအတွင်း မောင်တောနယ်စပ်ဝင်ထွက်ဂိတ်များအား ဆက်လက်ပိတ်ထားသော်လည်း မောင်တောနယ်စပ်ကုန်သွယ်ရေးမှ ကုန်သွယ်မှုများ ပုံမှန်လုပ်ဆောင်လျက်ရှိကြောင်းသိရသည်။

လက်ရှိတွင် မောင်တောနယ်စပ်မှ ဘင်္ဂလားဒေ့ရှ်သို့သွားသည့် ကုန်တင်မော်တော်ရေယာဉ်မှ လှေသမားများကို အသွားအလာကန့်သတ်ထားပြီး ဆိပ်ကမ်းတွင်သီးသန့်အဆောက်အအုံဖြင့်နေစေကြောင်းနှင့် ဘင်္ဂလားဒေ့ရှ်မှတင်သွင်းလာသည့် ကုန်ပစ္စည်းများကို ပိုးသတ်ဆေးဖျန်းပြီးမှ ကမ်းထက်သို့တင်ခွင့်ပြုထားကြောင်းသိရသည်။ ဇူလိုင် ၁ ရက် နံနက် ၁၀ နာရီခွဲက မောင်တောမြို့ အမှတ် (၁) နယ်စပ်အဝင်/အထွက်စခန်း၌ ဝင်ရောက်လာသည့်စက်လှေများအား COVID -19 ရောဂါကြိုတင်ကာကွယ်ရေးအတွက် မောင်တောမြို့နယ် သန္တမီးသတ်တပ်ဖွဲ့ဝင်များက ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ လက်ရှိတွင် မောင်တောနယ်စပ်ကုန်သွယ်ရေးဖြင့် ငါးခြောက်၊ ငါးမြစ်ချင်းနှင့်ကော်ဖီမစ်တို့ကို တင်ပို့လျက်ရှိကြောင်း သိရသည်။

**Source:** https://news-eleven.com/article/180897

## ပဲခူးတွင် နိုင်ငံတကာအဆင့်မီ ဆေးဝါးစက်ရုံတည်ဆောက်ရန် လာရောက်ဆွေးနွေး

ပဲခူးတိုင်းဒေသကြီးတွင် နိုင်ငံတကာအဆင့်မီဆေဝါးစက်ရုံတည်ဆောက်ရန် ပြည်တွင်းကုမ္ပဏီတစ်ခုမှ တင်ပြ ဆွေးနွေးခဲ့ကြောင်း ပဲခူးတိုင်းဒေသကြီးအစိုးရက ဇွန် ၃၀ ရက်တွင် သတင်းထုတ်ပြန်သည်။ မကြာမီက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ကျန်းမာရေးစောင့်ရှောက်မှုဝန်ဆောင်မှုလုပ်ငန်းများနှင့် ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းများ ရင်းနှီးမြှုပ်နှံလုပ်ကိုင်မည်ဆိုပါက လျင်မြန်စွာခွင့်ပြုပေးနိုင်ရန် ဆောင်ရွက်ပေးမည်ဟု အသိပေးပြောဆိုထားသည်။ ထို့ပြင်အစိုးရသည် ကိုဗစ်နှင့် ဆက်စပ်သော ဆေးပစ္စည်းများထုတ်လုပ်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရန်စီစဉ်ထားသည်။

ပြည်တွင်းကုမ္ပဏီဖြစ်သည့် MNO Limited မှ အုပ်ချုပ်မှုဒါရိုက်တာနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တွေ့ဆုံခဲ့ခြင်းဖြစ်ပြီး ပဲခူးမြို့နယ်အတွင်း နိုင်ငံတကာအဆင့်မီ ဆေးဝါးစက်ရုံတည်ဆောက်နိုင်ရန်အတွက် တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်သည်။ ပဲခူးမြို့နယ်အတွင်းကုမ္ပဏီသည် အလုပ်အကိုင်အခွင့်အလမ်း ၃၀၀၀ ခန့်ပေးနိုင်မည့် နိုင်ငံတကာအဆင့်မီ ဆေးဝါးစက်ရုံ တည်ဆောက်ဆောင်ရွက်လိုခြင်းဖြစ်သည်။ ပြည်တွင်းပုဂ္ဂလိကပိုင် ဆေးဝါးစက်ရုံတည်ဆောက်မည့်အစီအစဉ်သည် နိုင်ငံအတွက် ကျန်းမာရေးဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်မည်ဖြစ်ပြီး သင့်တော်သည့်မြေနေရာရရှိရန် ကူညီ ဆောင်ရွက်ပေးမည်ဟု ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းကပြောသည်။ "တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ကုမ္ပဏီက ပထမဆုံးအကြိမ်တွေ့ဆုံဆွေးနွေးတာပါ။ ကနဦးဆွေးနွေးတဲ့သဘောပါပဲ။ မြေဧက ၁၀၀ လောက်ငှားရမ်းမယ်၊ ဆေးဝါးစက်ရုံတည်ဆောက်မယ်။ ရှေ့လျှောက်အသေးစိတ်စီစဉ်ဆွေးနွေးတာကလုပ်ရဦးမှာပါ" ဟု ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။ ကုမ္ပဏီသည်ဆေးဝါးစက်ရုံကို လူနေအိမ်ရာများနှင့် အလှမ်းဝေးသောနေရာတွင်သာ စက်ရုံတည်ဆောက် မည်ဟု တင်ပြခဲ့သည်။

ပဲခူးတိုင်းဒေသကြီးအစိုးရက အဆိုပါဆေးဝါးစက်ရုံစီမံကိန်း တည်ဆောက်ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာဥပဒေများ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် ကုမ္ပဏီကိုညွှန်ကြားထားသည်။

**Source:** https://myanmar.mmtimes.com/news/140887.html

## တစ်နှစ်ပါတ်လုံး မျှစ်ထွက်သည့် မျှစ်ချိုဝါး(beechy bamboo)ကို စိုက်ပျိုးသင့်



တစ်နှစ်ပါတ်လုံး မျှစ်ထွက်သည့် မျှစ်ချိုဝါး(beechy bamboo)ကို စိုက်ပျိုးသင့်ကြောင်း မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်းမှသိရသည်။ ဒီဝါးမျိုးက တစ်နှစ်ပါတ်လုံး မျှစ်ထွက်တယ်။ နောက်တစ်ချက်က အအေးရော အပူပါ ကြိုက်တဲ့နေရာမှာစိုက်လို့ရတယ်။ အပူအအေးမှ မရွေးတော့ စီးပွါးဖြစ်တစ်မျိုးတည်းစိုက်လို့ရတာပေါ့။ လက်ရှိမှာ မျှစ်ချိုဝါးကထွက်တဲ့မျှစ်က ပေါက်ဈေးတစ်ပိဿာကို ၂၅၀၀ကျပ် ဈေးနှုန်းရှိနေပါတယ်ဟု မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်းဥက္ကဌ ဦးကျော်ဝင်းကပြောသည်။

မျှစ်ချိုဝါးသည် တစ်နှစ်ပတ်လည်လုံး စိုက်ပျိုးနိုင်သည့်အပြင် အခြားဝါးမျိုးများထက် မျှစ်ထွက်နှုန်း ပိုမိုကြောင်းသိရသည်။ တခြားဝါးထက် သုံးဆအထိ ထွက်နှုန်းပိုကောင်းတယ်။ ဝါးနက်နဲ့ ဆင်တူတယ်။ မျှစ်အရသာထူးတယ်။ ဝါးနက်မျှစ်လောက် အမွေးမရှိဘူး။ အစိမ်းရောင်မြင့်လာရင် အဝါဘက်သန်းတတ်တယ်။ biomass အတွက် အလွန်ကောင်းပါတယ်ဟု ဦးကျော်ဝင်း က ဆက်လက်ပြောသည်။ မြန်မာနိုင်ငံတွင် မျှစ်ချိုဝါး(beechy bamboo)ကို ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ မွန်ပြည်နယ်စသည့်ဒေသများတွင် စိုက်ပျိုးနေကြောင်းသိရသည်။

**Source:** https://greenwaymyanmar.com/posts/beechy_bamboo_should_be_planted

## တရုတ် နယ်စပ်စီးပွားရေးဇုန်စီမံကိန်း ပွင့်လင်းမြင်သာမှုအားနည်းဟု ဝေဖန်ခံရ

မြန်မာ-တရုတ်နယ်စပ်တွင် အကောင်အထည်ဖော်မည့် စီးပွားရေးဇုန်စီမံကိန်းနှင့်ပတ်သက်၍ အစိုးရ၏သတင်း အချက်အလက်ထုတ်ပြန်ပြောဆိုမှုမှာ လွန်စွာအားနည်းကြောင်း နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းရှင်များက ဧရာဝတီကိုပြောသည်။ မူဆယ်-နမ့်ခမ်း ကုန်သည်ကြီးများအသင်း၏ တွဲဖက်အထွေထွေအတွင်းရေးမှူး (၂) ဦးဝင်းအောင်ခန့်က "သတင်းအချက်အလက်ချပြမှုက အားနည်းတာကိုမဟုတ်ဘူး။ ဘာမှကိုမရှိတာ။ စီမံကိန်းတခုလုပ်ပြီဆိုရင် အဲဒီနေရာကို မြေစည်၊ ဘူဒိုဇာနဲ့ လာထိုးပြီဆိုမှ ဒေသခံက ဒါစီမံကိန်းလုပ်မှာဆိုတာသိရတာ။ စီမံကိန်းတွေနဲ့ပတ်သက်ပြီး အစိုးရဘက်က ပြည်သူကို သတင်းအချက်အလက်တွေ ချပြဖို့လိုသလို အသိပညာတွေ၊ ပံ့ပိုးမှုတွေပေးဖို့ လိုအပ်ပါတယ်။ အဲဒီလိုမဟုတ်ရင်တော့ တဖက်က လက်ဝါးကြီးအုပ်တာခံရမယ်" ဟု ဧရာဝတီကိုပြောသည်။

တရုတ်-မြန်မာ စီးပွားရေးစင်္ကြန်၏ အစိတ်အပိုင်းတခု ဖြစ်ကာ၂၀၁၇ ခုနှစ်က နှစ်နိုင်ငံ နားလည်မှု စာချွန်လွှာ လက် မှတ်ရေးထိုးခဲ့သည့် မူဆယ်-ရွှေလီ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်နှင့်ပတ်သက်၍ ဒေသခံလုပ်ငန်းရှင်အများစုက ယနေ့အထိ တိကျရှင်းလင်းစွာသိရှိခြင်းမရှိသလို တာဝန်ရှိဌာနများကလည်း လာရောက်ချပြခြင်း၊ ညှိနှိုင်းဆွေးနွေးခြင်းများမရှိသေးဟု မူဆယ်-နမ့်ခမ်းရှိ ကုန်သည်များက ဧရာဝတီကိုပြောပြသည်။ "ဒီစီးပွားရေးဇုန်နဲ့ပတ်သက်ပြီး တရုတ်ဘက်က သူတို့ဘာတွေလုပ်မယ်ဆိုတဲ့ စီမံကိန်းအစီအမံတွေကို လွန်ခဲ့တဲ့ ၂ နှစ် လောက်ကတည်းက ကျနော်တို့ မြန်မာကုန်သည်တွေကို ရွှေလီမှာချပြဆွေးနွေးခဲ့တယ်။ အဲဒီတော့ တရုတ်ဘက်က သူ့နိုင်ငံသားတွေသာမက တဖက်ကအလုပ်တွဲလုပ်မယ့် ကုန်သည်တွေကို စီမံကိန်းအခြေအနေ ဘယ်လိုရှိတယ်ဆိုတာသိအောင်ပြောပြခဲ့ပေမယ့် ကျနော်တို့အစိုးရကတော့ ဒီနေ့အထိ စီမံကိန်းက ဘယ်နေရာမှာလုပ်မယ်ဆိုတာတောင် ချပြတာမရှိသေးဘူး" ဟု မူဆယ်မြို့မှ အမည်မဖော်လိုသူ ကုန်သည်ကြီးတဦးက ဧရာဝတီကိုပြောသည်။ ၎င်းကဆက်လက်၍ "တရုတ်နဲ့ပူးပေါင်းလုပ်ကိုင်မှာဖြစ်တဲ့အတွက် နှစ်ဖက်သာတူညီမျှရှိဖို့ အရေးကြီးတယ်။ တဖက်စောင်းနင်းမဖြစ်စေချင်ဘူး။ လက်ရှိကုန်သွယ်ရေးမှာတောင် တရုတ်ကအသာစီးရနေတဲ့ အခြေအနေမျိုးဆိုတော့ ဒီလိုစီမံကိန်းတွေမှာ ကျနော်တို့မှာ သတင်းအချက်အလက်မသိရတော့ ဘာကိုကြိုပြင်ရမယ်ဆိုတဲ့ အခက်အခဲရှိတယ်" ဟု ဆိုသည်။ အဆိုပါစီမံကိန်းနှင့်ပတ်သက်၍ ပြီးခဲ့သည့်ဗုဒ္ဓဟူးနေ့က နေပြည်တော်တွင်ပြုလုပ်ခဲ့သော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စတုတ္ထ ၁ နှစ်တာ ဆောင်ရွက်ချက်များ သတင်းစာရှင်းလင်းပွဲ၌ အောက်ပါအတိုင်း ပြောကြား

ခဲ့သည်။ လက်ရှိ၌ စီမံကိန်းဇုန်ဧရိယာအဖြစ် မူဆယ်အပါအဝင် နမ့်ဖတ်ကာ–နမ့်ခမ်း–ကြူကုတ်(ပန်ဆိုင်း) ဒေသတို့ပါဝင်ရန် အကြမ်းဖျင်းသတ်မှတ်ထားပြီး မကြာမီ ဇုန်နယ်မြေသတ်မှတ်နိုင်ရန်အတွက် ယင်းဒေသများသို့ မြေပြင်ကွင်းဆင်း တိုင်းတာမှုများဆောင်ရွက်ရန်ပြင်ဆင်နေပြီး လုပ်ငန်းစဉ်ပြီးစီးပါက နှစ်နိုင်ငံ Framework Agreement လက်မှတ်ရေး ထိုးနိုင်ရေး ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

နယ်စပ်စီးပွားရေးဇုန်နှင့်ပတ်သတ်၍ အစိုးရ၏သတင်းအချက်အလက်ချပြမှု အားနည်းသည်ဟုဝေဖန်ချက်အပေါ် စီးပွားရေး နှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က “အခုက လုပ်ငန်းတောင်မစရသေး ဘူးလေ။ Framework Agreement တောင် မထိုးရသေးဘူး။ လုပ်ရမယ့်လုပ်ငန်းစဉ်တွေ အများကြီးကျန်ပါသေးတယ်။ ဘာမှမပြီးသေးဘဲ ချပြလည်းမထူးသလို သက်ဆိုင်ရာအစိုးရရဲ့ စီမံကိန်းနဲ့ပတ်သက်တဲ့အတည်ပြုချက်လည်း မရသေးဘူး။ ဒါကြောင့် လုပ်ငန်းစဉ် အတည်မဖြစ်သေးတဲ့အတွက် ချပြလို့မရတဲ့ အနေအထားမျိုး ဖြစ်နေတာပါ” ဟု ဧရာဝတီကို ပြန်လည် ဖြေကြားသည်။

မြန်မာ–တရုတ် နယ်စပ် စီးပွားရေး ပူးပေါင်းဆောင်ရွက်ဇုန်အတွက် နှစ်နိုင်ငံ အစိုးရနားလည်မှုစာချွန်လွှာရေးထိုးပြီး နောက် တရုတ်နိုင်ငံဘက် အခြမ်းတွင် နယ်စပ်စီးပွားရေးဇုန်များ တည်ဆောက်ရေးအတွက်ပြင်ဆင်ခြင်းများ၊ ၂၁ ရာစု ပိုးလမ်းမ စီမံကိန်း ချေးငွေများဖြင့် တရုတ်လုပ်ငန်းရှင်အများစုက နယ်စပ်ဧရိယာများ အထူးသဖြင့် မြန်မာနိုင်ငံနှင့်ထိစပ်နေသော ယူနန်ပြည်နယ် တွင် စက်ရုံ၊ အလုပ်ရုံများ စတင်တည်ဆောက်မှုများရှိလာပြီဟု မူဆယ်–နမ့်ခမ်းဒေသရှိ ကုန်သည်ကြီးများက ဧရာဝတီကို ပြောသည်။

နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းရှင်တဦးဖြစ်သူ ဦးဝင်းငွေးက “အခုလို အနေအထားမှာ စီမံကိန်း အသေးစိတ်ကို ချမပြ နိုင်တောင် ဘယ်နေရာမှာ ဘယ်လိုပုံစံနဲ့ ဘာတွေလုပ်ဖို့ရှိတယ်ဆိုတဲ့ အစီအစဉ် အကြမ်းလောက်သိထားရင်တောင် လုပ်ငန်းရှင် အနေနဲ့လိုတာတွေစပြင်နိုင်သလို အစိုးရနဲ့ဘယ်လိုပူးပေါင်းဆောင်ရွက်လို့ရမလဲဆိုတာ အသင်းအဖွဲ့တွေအနေနဲ့လည်း ပါဝင် လာနိုင်မယ်” ဟု ဧရာဝတီကိုပြောသည်။ တဖက်နိုင်ငံက ကြိုတင်ပြင်ဆင်မှုများရှိသော်လည်း မြန်မာဘက်အခြမ်းတွင် အစိုးရ၏ မူဝါဒပိုင်းနှင့်စီမံကိန်းဆိုင်ရာ သတင်းအချက်အလက်များ ချပြမှုအားနည်းခြင်း၊ အခြေခံအဆောက်အအုံပိုင်း၊ ငွေကြေး အရင်းအနှီးနှင့် နည်းပညာအားနည်းခြင်းတို့ကြောင့် မိမိနိုင်ငံအတွင်းလာရောက်လုပ်ကိုင်သူများက အကျိုးစီးပွားအသာရသွား မည်ကို မြန်မာလုပ်ငန်းရှင်များက စိုးရိမ်ကြသည်။

အလားတူ မြန်မာ အပါအဝင် နိုင်ငံပေါင်း ၇၀ ပါဝင်မည့် တရုတ်အစိုးရ၏ မဟာဗျူဟာ စီမံကိန်း တရပ် ဖြစ်သော “Belt & Road Initiative” (ရပ်ဝန်းတခု လမ်းကြောင်းတသွယ်) လုပ်ငန်းစဉ်များအား ကိုဗစ် ၁၉ ကြောင့် တုံ့ဆိုင်းသွားခဲ့ သော်လည်း ကိုဗစ်အလွန်ကာလတွင် ပြန်လည်စတင်နိုင်ရန် စိတ်အားထက်သန်လျက်ရှိသည်ကို လေ့လာရကြောင်း ဇွန်လက မြန်မာ–တရုတ် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေး နှစ် ၇၀ ပြည့် အထိမ်းအမှတ်အဖြစ်ပြုလုပ်ခဲ့သော ကိုဗစ်အလွန် မြန်မာ့စီးပွားရေးကဏ္ဍ ဆွေးနွေးပွဲတွင် ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ဝင်းကပြောကြားခဲ့သည်။ ဆက်လက်၍ ၎င်းက “အခု ကိုဗစ်ကြောင့် ကျနော်တို့ဆီက စက်ရုံတွေတော်တော်များများပိတ်ရတယ်။ ကုန်ကြမ်းအခက်အခဲတွေ၊ ရှိပြီးသား ဈေးကွက် အများစုပျောက်ကုန်ပြီ။ ကျနော်တို့ဟာ နိုင်ငံအိမ်နီးချင်းကို ရှောင်လွဲလို့မရပါဘူး။ အဲဒါကြောင့် ကိုဗစ်အလွန် ဒါမှမဟုတ် ကိုဗစ်နဲ့အတူကာလမှာ BRI ကနေ ဘာတွေအမြတ်ထုတ်နိုင်မလဲဆိုတာ ထဲထဲဝင်ဝင်လေ့လာဖို့လာပါပြီ။ အပြန်အလှန် အကျိုးရှိမယ့်အရာတွေကို မယူတတ်ရင်တော့ သူများထက်အများကြီး နောက်ကောက်ကျကျန်သွားနိုင်ပါတယ်” ဟု အကြံပြု ခဲ့သည်။

နှစ်နိုင်ငံ နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်ဆိုသည်မှာ နှစ်နိုင်ငံနယ်နိမိတ်ထိစပ်နေသော မြို့နှစ်ခုကို ဇုန်တခု အဖြစ်သတ်မှတ်လိုက်ပြီး နယ်စည်းမခြားဘဲ နှစ်နိုင်ငံရှိ တရားဝင်သတ်မှတ်ထားသော ကုန်စည်များအားရောင်းဝယ် ဖောက်ကားရေး၊ စက်မှုလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးအပါအဝင် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများအစရှိသည်တို့ကို နှစ်နိုင်ငံပြည်သူများ လွတ်လပ်စွာကူးသန်းရောင်းဝယ်ရေးပြုလုပ်နိုင်မည့် စီးပွားရေးဇုန်ဧရိယာ ထူထောင်ခြင်းကိုခေါ်ဆိုသည်။

**Source:** https://burma.irrawaddy.com/news/2020/07/01/225599.html

## အမေရိကန်ဒေါ်လာငွေလဲနှုန်း နေ့စဉ်ကျဆင်းလာ



မြန်မာနိုင်ငံရဲ့ ဘဏ္ဍာရေးဈေးကွက်မှာ မကြာသေးခင်ကစလို့ ဒေါ်လာငွေတန်ဖိုးကျဆင်းလာတာကို ကာကွယ်ဖို့ ဗဟိုဘဏ်က ကြိုးပမ်းနေတဲ့အကြောင်း တင်ပြပေးချင်ပါတယ်။ ဗွီအိုအေ မြန်မာပိုင်းသတင်းထောက် ကိုဇော်ထက်က သတင်း ပေးပို့ထားပါတယ်။ အမေရိကန်ဒေါ်လာနဲ့ မြန်မာကျပ်ငွေလဲလှယ်နှုန်းက နေ့စဉ်ရ က်ဆက်ဆိုသလို ကျဆင်းလာနေ တာကြောင့် ဈေးကွက်တည်ငြိမ်ရေးအတွက် ငွေလဲလှယ်နှုန်း 'ရည်ညွှန်းတန်ဖိုး' တခုကို နေ့စဉ်ထုတ်ပြန်ပေးနေတဲ့ ဗဟိုဘဏ်က ဒေါ်လာငွေကို ဝယ်ယူပြီးတော့လည်း ကျားကန်ပေးနေပါတယ်။ ဇွန်လ ၁၁ ရက်ကနေ ဇူလိုင် ၁ရက်ထိ ဗဟိုဘဏ်က ဆယ်ကြိမ်ဝယ်ယူထားတဲ့ ဒေါ်လာငွေက ၃၂.၆ သန်းရှိပါတယ်။ ဒီလိုလုပ်တာဟာ ကျနေတဲ့ဒေါ်လာတန်ဖိုးကို ဆွဲတင်နေတာမဟုတ်ဘဲ နိုင်ငံခြားငွေတည်ငြိမ်အောင် ထိန်းကြောင်းဖို့အတွက်လုပ်ရတာလို့ ဗဟိုဘဏ် ဒုဥက္ကဋ္ဌ ဦးစိုးမင်းက ပြီးခဲ့တဲ့လထဲ အစိုးရရဲ့စတုတ္ထတနှစ်တာလုပ်ဆောင်ချက် သတင်းစာရှင်းလင်းပွဲမှာ ပြောထားတာပါ။ "ဝယ်သင့်တယ်ဆိုတာ ထိန်းကြောင်းသင့်တယ်ဆိုတဲ့ သဘောနဲ့ပဲလုပ်တာရှိတယ်။ ဗဟိုဘဏ်က ကျသွားမှာစိုးလို့ လိုက်ဝယ်နေတာ၊ သိပ်တက်သွားမှာစိုးလို့ လိုက်ရောင်းနေတာမျိုးတော့မရှိပါဘူး။ Market ထဲမှာ ဗဟိုဘဏ်အနေနဲ့ ဝင်ရောင်းတာ၊ ဝင်ဝယ်တာ လုပ်တဲ့ကိစ္စမဟုတ်တော့ပါဘူး။ လိုအပ်တဲ့အခါမှ ကျနော်က one way ပဲ ဝယ်တဲ့ auction ကိုလုပ်တယ်၊ ရောင်းတဲ့ auction ကိုလုပ်တယ်။"

အမေရိကန်ဒေါ်လာနဲ့ ကျပ်ငွေလဲနှုန်း ဗဟိုဘဏ် ဒီနေ့သတ်မှတ်တဲ့နှုန်းက ၁,၃၆၈.၇ ကျပ်ဖြစ်ပါတယ်။ ဒါက ကျပ် ၁,၄၀၀ ရှိနေတာကနေ ရက်ပိုင်းအတွင်း ကျပ်ငွေ ၃၀ ကျော် ထပ်ကျသွားတာပါ။ ဘဏ္ဍာရေးဈေးကွက်တည်ငြိမ်ရေးအတွက် ဗဟိုဘဏ်ရဲ့ ကျားကန်ပေးဖို့ ကြိုးပမ်းနေတဲ့ အစီအစဉ်အပေါ်မှာတော့ စီးပွားရေး ပညာရှင် ဒေါက်တာ အောင်ကိုကိုက အခုလို သုံးသပ်ပါတယ်။ "ပို့ကုန်မရှိဘဲ ဒေါ်လာတွေဝယ်နေတာ ဖြစ်သင့်သလားလို့မေးရင်တော့ ကျနော်ကတော့ အတိုင်းအတာတခုအထိ မှန်တယ်လို့ ယူဆတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရှိနေတဲ့ ပို့ကုန်တွေလည်း ဆက်ထိန်းဖို့လိုတယ်။ သွင်းကုန်သမားတွေ အဆင်ပြေသွားရင်လည်း တဘက်ကကြည့်ရင် ကုန်သွယ်ရေးလိုငွေ ကြီးလာမယ့် ပြဿနာရှိတယ်။ နောက်တခုက ဒေါ်လာကို ဗဟိုဘဏ်က ကြိုစုထားတယ်ပေါ့နော်။ များနိုင်သမျှများအောင် စုထားတဲ့သဘောပေါ့နော်။ ဝယ်ထားလိုက်တော့ ဗဟိုဘဏ်မှာ ဒေါ်လာအရန်ငွေပမာဏ များလာတာပေါ့နော်။"

ပြင်ပဈေးကွက်မှာ ဒေါ်လာဈေးကျနေပေမဲ့ ဗဟိုဘဏ်က ပို့ကုန်လုပ်ငန်းတွေကိုအားပေးဖို့၊ နိုင်ငံခြားအရံငွေစုဖို့ ရည်ရွယ်ချက်တွေနဲ့ အမေရိကန်ဒေါ်လာတွေဝယ်ယူနေတာလို့ ယူဆမှုတွေလည်းရှိပါတယ်။ ဒါပေမဲ့လည်း ဒီလိုရည်ရွယ်ချက်မျိုးနဲ့ ဆောင်ရွယ်တယ်ဆိုရင်တော့ လက်တွေ့မကျဘူးလို့လည်း စီးပွားရေးပညာရှင် ဦးဇော်ဖေဝင်းကမြင်ပါတယ်။ "အမေရိကန်ရဲ့ စီးပွားရေးအခြေအနေ ပြန်ကောင်းလာမှသာလျှင် ဒေါ်လာဈေးက မြင့်တက်လာနိုင်မယ်၊ မြန်မာပြည်အနေနဲ့က ကမ္ဘာ့ဈေးကွက်မှာ ဒေါ်လာကို ကစားနိုင်တဲ့ အင်အားမျိုး ရှိတာမဟုတ်ဘူး။ ဥပမာ တရုတ်ပြည်လိုဆို တမျိုးပေါ့။ သူတို့ ( ဗဟိုဘဏ်က) ဒေါ်လာကို ဝယ်ခြင်းအားဖြင့် ပြည်တွင်းမှာပဲ ဒေါ်လာဈေးတက်အောင်လုပ်တဲ့သဘောမျိုးရှိတယ်။ တကယ်တော့မတက်ဘူးဗျ၊ ကျန်တဲ့ဈေးကွက်မှာက ဒေါ်လာရဲ့ဝယ်အားကကျနေတယ်၊ အဲဒီတော့ တမင်မကြိုးစားသင့်ဘူးလို့ပဲ ကျနော်ပြောချင်တယ်။"

လက်ရှိမှာ ဆန်နဲ့ ပဲအမျိုးမျိုးအပါအဝင် ပို့ကုန်က အရင်ကထက်ကျပါတယ်။ ကုန်ထုတ်လုပ်ငန်းတွေလည်း ပုံမှန်မလည်ပတ်၏သေးပါဘူး။ မြန်မာပြည်ရဲ့ ငွေကြေးဖောင်းပွတဲ့နှုန်းက ၇ ရာခိုင်နှုန်းလောက်ရှိမယ်လို့ မှန်းထားပေမဲ့ ၉ ရာခိုင်နှုန်းလောက်ထိ ရောက်နေတယ်လို့ ဗဟိုဘဏ်ဒုဥက္ကဋ္ဌ ဦးစိုးမင်းက သတင်းစာရှင်းလင်းပွဲမှာ ပြောဆိုထားပါတယ်။

ဗုဒ္ဓဟူးနေ့ ကမ္ဘာ့ဘဏ္ဍာရေးဈေးကွက်မှာတော့ ဒေါ်လာဈေးဟာ အနည်းငယ်တက်လာခဲ့ပြီး ဥရောပယူရိုငွေကတော့ ကျဆင်းသွားပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေကတော့ ဇွန်လထဲ အမေရိကန်ရဲ့ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေက ကိန်းဂဏန်းတွေ အပေါ် စောင့်ကြည့်နေကြပြီး ထွက်ပေါ်လာတဲ့ အချက်အလက်တွေက ဘဏ္ဍာငွေကြေးဈေးကွက်မှာ ရိုက်ခတ်လာနိုင်တယ်လို့လည်း ခန့်မှန်းနေကြပါတယ်။

Source: https://burmese.voanews.com/a/myanmar-us-dollar-currency-exchange/5484505.html

## EU က ထိုင်းအပါဝင် ၁၅ နိုင်ငံနယ်စပ်ပြန်ဖွင့်ပေး




ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြောင့် ကမ္ဘာတစ်ဝန်း၌ လူပေါင်း ၅၀၅၀၀၀ ထက်မနည်းသေဆုံးထားချိန်တွင် ဥရောပသမဂ္ဂ (EU) သည် ဗိုင်းရပ်စ်ဒဏ် ဆိုးရွားစွာခံနေရသော အမေရိကန်မှအပ နိုင်ငံပေါင်း ၁၅ နိုင်ငံအတွက် နယ်စပ် ပြန်လည်ဖွင့်လှစ်ပေးရန် အင်္ဂါနေ့ကသဘောတူခဲ့သည်။ ရက်ပေါင်းများစွာ ဆွေးနွေးညှိနှိုင်းပြီးနောက် EU အဖွဲ့ဝင်များသည် ဇူလိုင် ၁ ရက်မှစ၍ ကျန်းမာ ရေးအခြေအနေ လုံခြုံစိတ်ချရသည့် နိုင်ငံများစာရင်းကို အပြီးသတ် ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီး ရုရှား၊ တူရကီနှင့်အမေရိကန်တို့ကိုမူ ချန်လှပ်ထားခဲ့ သည်။

ပြန်ဖွင့်ပေးခဲ့သောနိုင်ငံများမှာ အယ်လ်ဂျီးရီးယား၊ ဩစတြေးလျ၊ ကနေဒါ၊ ဂျပန်၊ ဂျော်ဂျီယာ၊ မွန်တီနီဂရိုး၊ မော်ရိုကို၊ နယူးဇီလန်၊ ရဝမ်ဒါ၊ ဆားဘီးယား၊ တောင်ကိုရီးယား၊ ထိုင်း၊ တူနီးရှားနှင့်ဥရုဂွေးတို့ဖြစ်သည်။ တရုတ်နိုင်ငံက ဥရောပနိုင်ငံသား များကို နိုင်ငံနယ်နိမိတ်ပြန်ဖွင့်ပေးမည်ဆိုပါက တရုတ်မှခရီးသွားများကိုလည်း ပြန်ဝင်ခွင့်ပြုမည်ဟုဆိုသည်။ မတ်လလယ် ကတည်းက မလိုအပ်သောခရီးသွားလာမှုကို ပိတ်ဆို့ထားမှုကြောင့် ထိခိုက်နစ်နာနေသော ဥရောပ၏ခရီးသွားလုပ်ငန်းကို ကယ်တင်ရန် နိုင်ငံအဝင်အထွက်ကန့်သတ်မှုကို ဖြေလျှော့ပေးခြင်းဖြစ်သည်။ သို့သော် ကမ္ဘာနိုင်ငံများ၌ လူပေါင်း ၁၀.၃ သန်း ကျော် ရောဂါကူးစက်ခံထားရသဖြင့် ကပ်ရောဂါသည် ပြီးဆုံးနိုင်ဖွယ်မရှိသေးကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတိပေး ထားသည်။ “နိုင်ငံအချို့မှာ တိုးတက်မှုရှိပေမယ့် တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ဆို ကူးစက်မှုကအရှိန်ရနေတုန်းပဲ” ဟု WHO အကြီးအကဲ Tedros Adhanom Ghebreyesus က တနင်္လာနေ့တွင်ပြောသည်။

ဥရောပတွင် ရောဂါဒဏ်အခံရဆုံး ယူကေသည် ပထမသုံးလပတ်၌ စီးပွားရေး ၂.၂ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး နှစ်ပေါင်း ၄၀ အတွင်း အသိသာဆုံးကျဆင်းမှုဖြစ်ခဲ့သည်။ နိုင်ငံအား စီးပွားရေးကျဆင်းမှုမှ ပြန်လည်ထူထောင်နိုင်ရန် အခြေခံအဆောက်အအုံ ဆိုင်ရာ တော်လှန်ရေးတစ်ခုပြုလုပ်ရမည်ဟု ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က တနင်္လာနေ့က သန္နိဋ္ဌာန်ပြုခဲ့သည်။ ဗြိတိန်တွင် ဇူလိုင် ၄ ရက်၌ ဘားဆိုင်၊ စားသောက်ဆိုင်နှင့် အလှပြင်ဆိုင်များပြန်ဖွင့်ရန်လျာထားရာမှာ ဒေသတွင်းရောဂါပြန်လည် ဖြစ်ပွားမှု ကြောင့် အင်္ဂလန်အလယ်ပိုင်း လက်စတာမြို့ရှိ ကျောင်းများနှင့် မလိုအပ်သောဆိုင်များကိုပိတ်ရန် အစိုးရကညွှန်ကြားခဲ့သည်။ အမေရိကန်တောင်ပိုင်းနှင့် အနောက်ပိုင်းပြည်နယ်များတွင်လည်း ကိုဗစ်-၁၉ ကူးစက်မှု ပြင်းထန်နေဆဲဖြစ်ပြီး တစ်နိုင်ငံလုံးတွင် လူပေါင်း ၂.၅ သန်းထက်မနည်း ကူးစက်ခံထားရပြီး ၁၂၆၀၀၀ ကျော် သေဆုံးထားသည်။ တရုတ်နိုင်ငံမှ သုတေသီများသည် နောက်ထပ်ကူးစက်မြန် ကပ်ရောဂါဖြစ်နိုင်သော တုပ်ကွေးပိုးသစ်တစ်မျိုးကို ဝက်များတွင်တွေ့ရှိထားသည်။

၂၀၀၉ ခုနှစ်က ကပ်ရောဂါဖြစ်စေခဲ့သည့် H1N1 ဝက်တုပ်ကွေး၏ မျိုးကွဲဖြစ်သည့် အဆိုပါဗိုင်းရပ်စ်ကို တရုတ်တက္ကသိုလ် များနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာမှ သိပ္ပံပညာရှင်များက G4 ဟု အမည်ပေးထားသည်။ အဆိုပါဗိုင်းရပ်စ်သည် လူသားများအား ရောဂါကူးစက်စေရန် မရှိမဖြစ်လိုအပ်သော ဝိသေသလက္ခဏာများ ပိုင်ဆိုင်ထားသည်ဟုလည်း သတိပေးထား သည်။

**Source:** http://www.mizzimaburmese.com/article/71153

## တိုကျိုစတော့ဈေးကွက်တွင် ရှယ်ယာဈေးများထိုးကျခဲ့ပြီး ကုန်ထုတ်လုပ်ငန်းကြီးများသည် နိုင်ငံ၏စီးပွားရေးအပေါ် ယုံကြည်မှုကျဆင်းနေကြောင်းသိရ

၂၀၂၀ ပြည့်နှစ်၊ ဇွန်လနောက်ဆုံးအပတ်မှအစပြု၍ ဂျပန်နိုင်ငံ၏ မြို့တော်တိုကျိုတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများ ပြန်လည်မြင့်တက်လာသည့်အတွက် ဗိုင်းရပ်စ်ကူးစက်မှု ဒုတိယလှိုင်းနှင့်ပတ်သက်၍ စိုးရိမ်မှုများမြင့်တက်လာကာ တိုကျိုစတော့ရှယ်ယာဈေးကွက်တွင် ရှယ်ယာ ဈေးများ ရုတ်တရက်ထိုးကျခဲ့ကြောင်းသိရပါသည်။

နစ်ကေးပျမ်းမျှအညွှန်းကိန်းသည် ဇွန်လ ၃၀ ရက်နေ့ဈေးပိတ်ချိန်တွင် ယခင်အပတ်က ထက် ၅၁၇ မှတ် ကျဆင်းသွားခဲ့ပြီး ၂၁၉၈၅ မှတ်သာရှိခဲ့ပြီး သီတင်းပတ်အကြာ ရပ်နားထားခဲ့သည့် စီးပွားရေးလုပ်ငန်းများကို ဇွန်လဒုတိယအပတ်တွင် အပြည့်အဝ ပြန်လည်စတင်ခွင့်ပြုခဲ့သော်လည်း စီးပွားရေးလုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ထပ်မံထိခိုက်မှုများအပေါ် ကြိုတင်စိုးရိမ်ပူပန်နေကြသည့်အတွက် ယခုကဲ့သို့ ရှယ်ယာဈေးများ ကျဆင်းခဲ့ခြင်းဖြစ်ကြောင်းသိရပါသည်။

ဂျပန်ဗဟိုဘဏ်က ၃ လတစ်ကြိမ် ကောက်ယူသည့် တန်းကန်းစစ်တမ်းတွင်လည်း ကုန်ထုတ်လုပ်ငန်းကြီးများ၏ စီးပွားရေးလုပ်ဆောင်မှုအပေါ် ရှုမြင်ခံစားမှုသည် ဧပြီမှ ဇွန်လအထိ ၃လပတ်တွင် ယခင် ၃ လပတ် စစ်တမ်း၏ အညွှန်းကိန်း အနှုတ် ၈ မှတ်ရှိရာမှ အနှုတ် ၃၄ မှတ် အထိ ကျဆင်းသွားခဲ့ပါသည်။

ဂျပန်နိုင်ငံအတွင်း အရေးပေါ်အခြေအနေကြေငြာခဲ့သည့် ဧပြီလနှင့်မေလ၌ ပို့ကုန်နှင့်ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆိုးရွားစွာကျဆင်းခဲ့သည့်အတွက် ယခုကဲ့သို့ အညွှန်းကိန်းကျဆင်းခဲ့ခြင်းဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်းနှင့်လက်လီအရောင်းလုပ်ငန်းများ၏ စီးပွားရေးလုပ်ဆောင်မှုအပေါ် ခံစားမှုသည် အနှုတ် ၁၇ မှတ်သို့ ကျဆင်းခဲ့ကြောင်းသိရပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်**

## အိန္ဒိယ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ပီထရာပို-ဘီနာပို နယ်စပ်ဂိတ်၌ ကုန်သွယ်မှုများရပ်ဆိုင်းခဲ့ခြင်း

အိန္ဒိယနှင့်ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်စပ်ဒေသရှိ အကြီးဆုံးနယ်စပ်ကုန်သွယ်ရေးဂိတ်ဖြစ်သော ပီထရာပို-ဘီနာပို နယ်စပ်စစ်ဆေးရေးဂိတ်တွင် ဘင်္ဂလားဒေ့ရှ်ပို့ကုန်လုပ်ငန်းရှင်များဘက်မှ ဆန္ဒပြကန့်ကွက်မှုများဖြစ်ပေါ်ပြီးနောက် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုလုပ်ငန်းများမှာ ၂.၇.၂၀၂၀ နေ့မှစတင်၍ ရပ်ဆိုင်းခဲ့ကြောင်းသိရှိရပါသည်။

အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်၊ ကိုလ်ကတ္တားမြို့၏ အရှေ့မြောက်ဘက် ကီလိုမီတာ ၈၀ အကွာတွင် တည်ရှိသော ပီထရာပိုမြို့နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဘီနာပိုမြို့တို့အကြားရှိ အဆိုပါဘက်စုံစုပေါင်းစစ်ဆေးရေးဂိတ်အား ဖြတ်သန်း၍ နှစ်နိုင်ငံကုန်သွယ်မှုမှာ အိန္ဒိယနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် တားဆီးထိန်းချုပ်ရေး အသွားအလာကန့်သတ်မှု (Lockdown) ကြောင့် ပိတ်ထားခဲ့ရာမှ ဧပြီလ ၃၀ ရက်နေ့၌ ပြန်လည်ဖွင့်လှစ်ခဲ့ပါသည်။ သို့ရာတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ အလုပ်သမားများထံမှ အိန္ဒိယကုန်တင်ယာဉ် မောင်းနှင်သူများသို့ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မည်ကို စိုးရိမ်ပူပန်သည့် အိန္ဒိယဘက်ခြမ်းရှိ ဒေသခံကျေးရွာများမှ ဆန္ဒပြမှုများကြောင့် မေလ ၂ ရက် ၌ နယ်စပ်ဂိတ်အား ဖြတ်သန်းသွားလာမှုကို ပြန်လည်ပိတ်ထားခဲ့ရသည်။

ထို့နောက် အိန္ဒိယကုန်းတွင်းဆိပ်ကမ်းများအာဏာပိုင်အဖွဲ့သည် ပီထရာပို ဘက်စုံစုပေါင်း စစ်ဆေးရေးနယ်စပ်ဂိတ်အား ဇွန်လ ၇ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်ခဲ့ပြီး အိန္ဒိယကုန်တင်ယာဉ်များအား ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်း၌ နယ်စပ်မှမီတာ ၅၀၀ ခန့်အတွင်း ကုန်ချလျက် မိမိနိုင်ငံ သို့ ပြန်လည်ဝင်ရောက်ရန် ခွင့်ပြုထားခဲ့ပါသည်။ ထိုသို့ အိန္ဒိယဘက်မှ ပို့ကုန်များအား နယ်စပ်ဂိတ်ဖြတ်သန်း၍ တင်ပို့ခွင့်ပြုသော်လည်း ဘင်္ဂလားဒေ့ရှ်ဘက်မှ ဝင်ရောက်မည့် သွင်းကုန်များကိုမူ တင်သွင်းခွင့်မပြုပဲ ပိတ်ပင်ထားရာ ဘင်္ဂလားဒေ့ရှ် ပို့ကုန်လုပ်ငန်းရှင်များဘက်မှ ကန့်ကွက်ဆန္ဒပြမှုများဖြစ်ပေါ်ပြီး နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ ရပ်ဆိုင်းခဲ့ခြင်းဖြစ်ကြောင်းသိရှိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဘီနာပို အကောက်ခွန်နှင့်ကုန်စည်ပို့ဆောင်ရေး ကိုယ်စားလှယ်များအသင်း၏ အတွင်းရေးမှူး Mr. Sajidur Rehman က ၎င်းတို့အနေဖြင့် ဘင်္ဂလားဒေ့ရှ်ဘက်မှ ကုန်စည်များအား အိန္ဒိယအာဏာပိုင်များက ပြန်လည် တင်သွင်းပြမည့်အချိန်အထိ ဘီနာပိုနယ်စပ်ဂိတ်ကိုဖြတ်ကျော်၍ မည်သည့်ကုန်စည်ပို့ဆောင်မှုကိုမျှ ခွင့်ပြုမည်မဟုတ်ပဲ ပိတ်ထားမည်ဖြစ်ကြောင်းပြောဆိုပါသည်။ Outlook India သတင်းဌာန၏ဖော်ပြချက်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တင်သွင်းသော ကုန်ကြမ်း

ပစ္စည်းများအပေါ်အမှီပြုနေရသည့် အိန္ဒိယပြည်တွင်းရှိ အသေးစားနှင့်အလတ်စား ကုန်ထုတ်လုပ်ငန်းများ၌ သွင်းအားစု ပြတ်တောက်ခြင်းမဖြစ်စေရန်အတွက် ကြားဝင်ဖြေရှင်းဆောင်ရွက်ပေးရန် အိန္ဒိယပို့ကုန်လုပ်ငန်းအဖွဲ့အစည်းများ အသင်းချုပ် (FIEO) က အနောက်ဘင်္ဂလားပြည်နယ်အစိုးရသို့ မေတ္တာရပ်ခံစာ ပေးပို့ထားကြောင်း၊ လက်ရှိကာလတွင် အဆိုပါ နယ်စပ်ဂိတ်၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ကုန်တင်ယာဉ်ပေါင်း ၅၀၀ ကျော်သည် အိန္ဒိယဘက်ခြမ်းသို့ ဝင်ရောက်ခွင့်မရပဲ စောင့်ဆိုင်းနေရဆဲ ဖြစ်ကြောင်းသိရှိရသည်။

အိန္ဒိယနိုင်ငံသည် နှစ်နိုင်ငံနယ်နိမိတ် ထိစပ်လျက်ရှိသည့် ကုန်းတွင်းဝင်ထွက်ပေါက် ၁၅ ခုမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ကုန်သွယ်မှုပြုရာတွင် ပီထရာပို-ဘီနာပို နယ်စပ်ဘက်စုံစစ်ဆေးရေးဂိတ်မှ ကုန်သွယ်မှုမှာအများဆုံးဖြစ်ပါသည်။ အိန္ဒိယ ကုန်းတွင်းဆိပ်ကမ်းများအာဏာပိုင်အဖွဲ့၏ စာရင်းများအရ ၂၀၁၈-၂၀၁၉ ခုနှစ်၌ ၎င်းနယ်စပ်ဂိတ် တစ်ခုတည်းမှပင် အိန္ဒိယ ရူပီးငွေတန်ဖိုးဖြင့် ပို့ကုန်၌ ၁၇၄.၃၇ ဘီလီယံနှင့် သွင်းကုန်တွင် ၃၉.၄၃ ဘီလီယံဖြစ်ရာ စုစုပေါင်းကုန်သွယ်မှု ၂၁၃.၈ ဘီလီယံ ရှိကြောင်း၊ ၎င်းဘဏ္ဍာနှစ်အတွက် ဘင်္ဂလားဒေ့နိုင်ငံမှ သွင်းကုန်တန်ဖိုး စုစုပေါင်း၏ ၅၄% ရှိပြီး အိန္ဒိယ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ကုန်သွယ်မှုတန်ဖိုး စုစုပေါင်းတွင် ၃၀% ရှိကြောင်း သိရှိရပါသည်။

Source:
1. Protests threaten exports to Bangladesh from Petrapole border, 2 Jul 2020, Outlook India
2. Bangladeshi exporters stop Indian imports from Petrapole border, 2 Jul 2020, Economic Times
3. India-Bangladesh border trade resumes through West Bengal's Petrapole land port, 8 Jun, 2020, India Today

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့**

## STOCK EXCHANGE (2.7.2020)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 2nd Jul. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | +0 | +0.00% | 10,500 | 10,500 | 10,500 | 8,442 | 88,641,000 | 27,112,747 | 284,684 |
| MTSH | 00002 | 3,800 | -50 | -1.30% | 3,800 | 3,850 | 3,750 | 4,781 | 18,157,850 | 38,929,150 | 147,931 |
| MCB | 00003 | 8,300 | +100 | +1.22% | 8,100 | 8,300 | 8,100 | 201 | 1,630,100 | 10,400,986 | 86,328 |
| FPB | 00004 | 22,500 | -500 | -2.17% | 22,500 | 23,000 | 22,500 | 2,201 | 49,822,500 | 2,472,053 | 55,621 |
| TMH | 00005 | 2,800 | -50 | -1.75% | 2,850 | 2,850 | 2,800 | 137 | 384,150 | 12,823,224 | 35,905 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 40 | 108,000 | 19,977,223 | 53,939 |

## Market summary

As of 2nd Jul. 2020

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 446.52 | -1.87 | -0.42% | 446.39 | 446.52 | 443.82 | 15,802 | 158,743,600 | 6 | 664,408 |

**Index chart**




# Market Overview

As of 1:00 pm, 2nd Jul. 2020

| MYANPIX | 446.52 ▼1.87 |
|---|---|
| Total Volume (shares) | 15,802 |
| Total Value (MMK) | 159 mil |
| Listed Company | 6 |
| Market Cap. (MMK) | 664,408 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▲0 |
| MTSH | 00002 | 3,800 | ▼50 |
| MCB | 00003 | 8,300 | ▲100 |
| FPB | 00004 | 22,500 | ▼500 |
| TMH | 00005 | 2,800 | ▼50 |
| EFR | 00006 | 2,700 | ▲0 |